## Eighteenth Sunday in Ordinary Time (August 03, 2014)

**1st READING:** ***Isaiah 55: 1-3***

ဟေရှာယအနာဂတ္တိကျမ်း။ ၅၅း ၁–၃

အိုရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့လာကြလော့။ ငွေမရှိသောသူတို့၊ လာကြ။ ဝယ်၍စားသောက်ကြလော့။ ငွေမပါဘဲ အဘိုးကိုမပေးဘဲလာ၍စပျစ်ရေနှင့်နို့ကိုဝယ်ကြလော့။ အစာမဟုတ်သောအရာဘို့ သင်တို့ငွေရင်းကိုရင်း၊အမွတ်မပြေနိုင်သောအရာအဘို့သင်တို့ဥစ္စာကိုရင်းင်းအဘယ်ကြောင့်ကုန်စေကြသနည်း။ ငါ့စကားကိုစေ့စေ့နားထောင့်လျက်၊ကောင်းသောအစာကိုစားကြလော့။ သင်တို့၏ဝိညာဉ်သည်ချိုသောအရာတို့၌ မိမိကို မိမိမွေ့လျော်စေလိမ့်မည်။ နှုးညွတ်သောနားနှင့်ငါ့ထံသို့လာကြလော့။ နားထောင်ကြလော့။ သို့ပြုလျှင်သင်တို့၏ဝိညာဉ်သည်အသက်ရှင်ရလိမ့်မည်။ငါသည်လည်း၊သင်တို့နှင့်ထာဝရပဋိညာဉ်ပြု၍၊ဒါဝိဒ်၌ မြဲ မြဲသောကျေးဇူးတော်ကိုသင်တို့အားပေးမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalm  145: 8-9, 15-16, 17-18

ဆာလံကျမ်း    ၁၄၅

**သံပြိုင်။  ။ကိုယ်တော်သည်လက်တော်ကိုဖွင့်တော်မူ၍သက်ရှိသတ္တဝါတိုင်း၏လိုအင်ဆန္ဒကိုဖြည့်ဆည်းပေး တော် မူ၏။**

R. **The hand of the Lord feeds us; he answers all our needs.**

**၁။  ။ထာဝရဘုရားသည်ကျေးဇူးတော်နှင့်ပြည့်စုံတော်မူ၍သနားကရုဏာရှင်ဖြစ်တော်မူ၏။ကိုယ်တော်သည်စိတ်ရှည်သည်းခံတော်မူ၍၊ ခိုင်မြဲသောကရုဏာမေတ္တာတော်နှင့်ကြွယ်ဝတော်မူ၏။ ကိုယ်တော်သည်လူအားလုံးအပေါ်ကောင်းမြတ်တော်မူ၍မိမိဖန်ဆင်းတော်မူသောအရာသတ္တဝါတို့အပေါ်သနားကြင်နာတော်မူ၏။ သံပြိုင်။**

The LORD is gracious and merciful, slow to anger and of great kindness.The LORD is good to all and compassionate toward all his works.

**၂။  ။ရှိသမျှလူအပေါင်းတို့သည်ကိုယ်တော့်ကိုမျှော်ကြည့်ကြ၍၊ကိုယ်တော်သည်သင့်လျော်သောအချိန်၌သူတို့အားအစားအစာကိုပေးတော်မူ၏။ကိုယ်တော်သည်လက်တော်ကိုဖွင့်တော်မူ၍သက်ရှိသတ္တဝါတိုင်း၏လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးတော်မူ၏။ သံပြိုင်။**

The eyes of all look hopefully to you, and you give them their food in due season; you open your hand and satisfy the desire of every living thing.

**၃။  ။ထာဝရဘုရားသည် မိမိလမ်းတော်တို့တွင် တရားမျှတတော်မူ၍မိမိပြုတော်မူသောအမှုအရာတို့၌သနားကရုဏာနှင့်ပြည့်စုံတော်မူ၏။ထာဝရဘုရား သည်မိမိကို ခေါ်တအသနားခံသောသူအပေါင်းတို့၏အနီးတွင်ရှိတော်မူ၏။ ကိုယ်တော်သည် သစ္စာသမ္မာတရား၌ကိုယ်တော်ကိုအသနားခံသောသူအပေါင်းတို့၏အနီး တွင်ရှိတော်မူ၏။ သံပြိုင်။**

The LORD is just in all his ways and holy in all his works. The LORD is near to all who call upon him, to all who call upon him in truth.

**2nd READING: Romans 8: 35, 37-39**
ရောမသြဝါဒစာ **၈း ၃၅၊ ၃၇–၃၉**

**သို့ဖြစ်၍မည်သူသည်ငါတို့ကိုခရစ်တော်၏မေတ္တာတော်နှင့်ကင်းကွာစေနိုင်မည်နည်း။ မကွဲကွာစေသည် သာမကငါတို့ကိုချစ်တော်မူသောအားဖြင့်ငါတို့သည်ထိုအမှုခပ်သိမ်းတို့ကိုခံစဉ်၌ပင်အောင်နိုင်သူများဖြစ် ကြ၏။ အကြောင်းမူကား မည်သည့်အရာမျှငါတို့အား ကိုယ်တော်၏မေတ္တာတော်နှင့် မကွဲမကွာစေနိုင်။ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အုပ်စိုးသူများဖြစ်စေ၊ ပစ္စုပ္ပန်ကာလ ဖြစ်စေ၊ အနာဂတ်ကာလဖြစ်စေ။ အာဏာတန်ခိုးဖြစ်စေ၊ ကောင်းကင်အထက်မှဖြစ်စေ၊ မြေကြီးအောက် မှဖြစ်စေ၊ ဖန်ဆင်းထားသောအရာတို့၌ မည်သည့်အရာပင်ဖြစ်စေ ငါတို့အရှင်ယေရှုခရစ်တော်အားဖြင့် ဘုရား သခင်၏မေတ္တာတော်နှင့်ငါတို့အားမကွဲမကွာစေနိုင်ဟုငါစွဲမြဲစွာခံယူသောကြောင့်တည်း။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 14: 13-21***
ရှင်မာတေဦး ဧဝံဂေလိကျမ်း **၁၄း ၁၃–၂၁**

**ဤသတင်းကိုသခင်ယေရှုကြားတော်မူလျှင် ထိုအရပ်မှ လူသူကင်းဝေးရာတောအရပ်သို့ လှေဖြင့်ထွက်ကြွတော်မူ၏။ လူအစုအဝေးတို့သည်ဤ အကြောင်းကိုကြားသိရလျှင် မြို့ရွာတို့မှထွက်၍ နောက်တော်သို့ခြေလျင် လိုက်ကြ၏။ ကိုယ်တော်သည်ကမ်းပေါ်သို့တက်တော်မူသောအခါလူအစုအဝေးတို့ကိုမြင်တော်မူလျှင် သူတို့အပေါ်ကရုဏာသက်တော်မူသဖြင့်လူနာရှိသမျှတို့ကိုပျောက်ကင်းစေတော်မူ၏။ ညနေစောင်းသောအခါတပည့်တော်တို့သည် အထံတော်သို့ချဉ်းကပ်ကြ၍ဤအရပ်သည်လူသူကင်းဝေးသည့်အရပ်ဖြစ်ပါ၏။ အချိန်လည်းလွန်ပါပြီ။ လူအစုအဝေးတို့သည်ကျေးရွာများသို့သွား၍စားစရာဝယ်ယူခြင်းငှာအခွင့်ပေးတော်မူပါဟုလျှောက်ကြ၏။သခင်ယေရှုကထိုသူတို့သွားကြရန်မလိုပါ။သူတို့စားရန်သင်တို့ကသာပေးကြ လောဟုတပည့်တော်တို့အားမိန့်တော်မူ၏။သူတို့ကလည်းဤနေရာ၌မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်သာရှိပါသည် ဟုလျှောက်ထားကြလျှင်၊ကိုယ်တော်ကထိုမုန့်နှင့်ငါးတို့ကိုငါ့ထံသို့ယူခဲ့ကြလော့ဟုမိန့်တော်မူ၏။ ထိုအခါလူအစုအဝေးတို့ကိုမြက်ခင်းပေါ်တွင်ထိုင်စေတော်မူ၏ ထို့နောက်မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကိုယူ တော်မူ၍၊ကောင်းကင်သို့မျှော်ကြည့်တော်မူလျှက်ကျေးဇူးတော်ကိုချီးမွမ်းပြီးမုန့်ကိုဖဲ့တော်မူ၍မုန့်ကိုဖဲ့တော်မူ၍ တပည့်တော်တို့အားပေးတော်မူ၏။တပည့်တော်တို့သည်လည်းလူအပေါင်းတို့အားဝေငှပေးကြ၏။လူအပေါင်းတို့သည်စား၍ဝကြပြီးမှ ကြွင်းကျန်သောအကျိုးအပဲ့များကို ကောက်သိမ်းရာတစ်ဆယ့်နှစ်တောင်းအပြည့်ရကြ၏။ စားသောသူများမှာအမိန်းမနှင့်သူငယ်တို့ကိုမရေတွက်ပဲယောကျ်ားဦးရေငါးထောင်မျှရှိ သတည်း။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။